ရှင်းလင်းပြတ်သားတိကျတဲ့၊ အမှန်တရားအပြည့်ဖြစ်တဲ့ အဖြေကို ဖြေစေလိုသော မေးခွန်း (၂၀၀)

Posted on April 22, 2012 by thawngno Edit



မေး။ ။ အသင်းတော်လား (သို့မဟုတ်) မှားယွင်းသောအယူဝါဒရှိသည့် အစွန်းရောက် အဖွဲ့အစည်းလား။ ဘယ်လိုခွဲခြားသိနိုင်မလဲ။

ဖြေ။ ။ အသွင်အပြင် လက္ခဏာကိုကြည့်ပေါ့။ ဥပမာအားဖြင့် ဒီလူတစ်စုဟာ 'ခရစ်တော်' ကို ဘယ်သူလို့ ထင်မြင်လက်ခံကြသလဲ။ ခရစ်တော်ဟာ ဘုရားစစ်လား။ အရှင်သခင်အဆင့်ဖြစ်ရုံပဲလား။ ဒါမှမဟုတ် ကယ်တင်ခြင်းရရှိဖို့ လက်ခံယုံကြည်ပေးရုံအဆင့် သက်သက်လေးပဲလား။ အစရှိတဲ့ မေးခွန်းတွေနဲ့ ဒီလူအုပ်စုကို လေ့လာသုံးသပ်စစ်ဆေးကြည့်ပါ။

မှားယွင်းသော အယူဝါဒရှိသည့် အစွန်းရောက်အဖွဲ့အစည်းများ ကတော့ ခရစ်တော်ကို တခြားသော အကြောင်းအရာများနဲ့ ထပ်ပြီး ဖြည့်စွက် တတ်ကြတယ်။ ဥပမာအားဖြင့် ခရစ်တော်ကို ယုံကြည်ခြင်းဆိုတာ အယူဝါဒ တစ်ခုပါပဲ။ အယူဝါဒဆိုတာ ဟောင်းလာပြီး အသစ်တစ်ခု ပေါ်ပေါက် လာရင် ပြောင်းလဲ လိုက်ရတာမျိုးပေါ့။ တချို့ခံယူချက်ရှိတဲ့ အုပ်စုတွေက ကျတော့ ခရစ်တော်ကို အခြေပြုပြီး ဝတ်ပြုကိုးကွယ်နည်း၊ ကမ္မဋ္ဌာန်းကျင့်နည်း၊ ဘာဝနာပွားများနည်း အစရှိသည်တို့ကို ဖြည့်စွက်ပြီး လူ့ဉာဏ်ဖြင့် တီထွင်ကြတယ်။ အချို့အုပ်စုကျတော့ ခရစ်တော်ဟာ အယူဝါဒတရားလေး သက်သက်ဖြစ်ရုံမျှသာ ဖြစ်တယ်ဆိုပြီး အလေးအနက် မပြုကြပြန်ဘူး။ အချို့ကျတော့ ခေါင်းဆောင်ကောင်း တစ်ဦးအဆင့်လောက်ပဲ ခရစ်တော်ကို လက်ခံကြတယ်။ အချို့ကတော့ ဟုတ်ပါတယ်။ ကယ်တင်ခြင်းဆိုတာ ခရစ်တော်ကို ယုံကြည်ခြင်းဆီမှာ လာတာပါ။ ဒါပေမယ့် ဒီလိုပုံစံမျိုးနဲ့ ယုံကြည် မှ ကယ်တင်ခြင်းရမယ်ဆိုပြီး နည်းနာအသစ်တွေထပ်လောင်း ထပ်သွင်းတော့တာပါပဲ။ အချို့ကျတော့ ခရစ်တော်ဟာ တကယ်ရှိခဲ့တဲ့ အစွရေးက ပရောဖက်ဆရာ တစ်ပါးပါ။ ဒါပေမယ့် သူဟာ ကမ္ဘာတစ်ခုလုံးကို ကယ်တင်နိုင်တဲ့အဆင့်တော့ ဘယ်လိုလုပ်ရှိ နိုင်မှာလဲ။ အချို့ကျတော့ ခရစ်တော်ဟာ သမိုင်းရာဇဝင်မှာ အဟောအပြောကောင်းတဲ့ ဆရာတစ်ဦး၊ လူထုကို ဆွဲဆောင်နိုင်တဲ့ ဦးဆောင်သူတစ်ဦးလို့ လက်ခံကြတယ်။ ကျမ်းတတ်ဆရာ တစ်ဦးလို့လည်း ပြောကြတယ်။

အထိရောက် ဆုံးနဲ့ အလျင်မြန်ဆုံး သုံးသပ်နည်းကတော့ "သူတို့အုပ်စုရဲ့ ခရစ်တော်အပေါ် သုံးသပ်ဝေဖန် လက်ခံယုံကြည်မှု" ပဲ။ ဒါကို မြင်အောင်ကြည့်ပါ။

ဒုတိယအချက်ကတော့ -
အုပ်စုခေါင်းဆောင်တွေက အသင်းသားတွေအပေါ် အကြောက်တရားများကို မကြာခဏ ထည့်သွင်း ပေးတတ်ခြင်းပဲ။ " ဒီအဖွဲ့မှာ ပါဝင်နေမှ သာလျှင် ကယ်တင်ခြင်း စိတ်ချမှုရမယ်။" ဆိုတဲ့ အကြောက်တရား အယူဝါဒကို မကြာခဏဆိုသလို ခေါင်းထဲ ရိုက်သွင်း ပေးတတ်ကြတယ်။"ဒီနေ့ ဒီအဖွဲ့ထဲကထွက်တာနဲ့ ဒီနေ့ပဲ ကယ်တင်ခြင်း မရတော့ဘူး" လို့ ရတိပြတ် သင်ပေးကြတယ်။

တတိယအချက်ကတော့ -
"မိမိကိုယ်ကို ချီးမြှောက်တတ်တဲ့ ခေါင်းဆောင်ရှိခြင်းပဲ"။ ဒီဖွဲ့အစည်းကျတော့ အာဏာရှင် စနစ်ဆန်တယ်။ အားလုံးက ခေါင်းဆောင်မှ ခေါင်းဆောင်ပဲ။ ခေါင်းဆောင် တစ်ဦးထဲကိုပဲ ရွေးချယ်ပြီး အဲဒီခေါင်းဆောင်ကို အားလုံး သဘောတူစွာ အာဏာအပ်ပေးကြတယ်။ မြောက်မြားစွာသော ပိုက်ဆံတွေကို အပ်ပေးကြတယ်။ အာဏာရှင် ကလည်း လှည့်ဖြားမှုအမျိုးမျိုးနဲ့ သူ့အသင်းသားတွေကို တိုးပွားလာအောင် လုပ်နိုင်ကြတယ်။ Unification Church မှ Sun Myung Moon လိုမျိုးပေါ့။ Children of God အဖွဲ့မှ Moses David Berg ဆိုလည်း အတူတူပဲ။ People's Temple အဖွဲ့မှ Jim Jones ဆိုရင် သူ့အတွက် အသေခံပေးမယ့်အသင်းသားတွေ တိုးပွားလာနိုင်အောင် ပြောနိုင်စွမ်းရှိသူပေါ့။

စစ်မှန်တဲ့ ခေါင်းဆောင်ဆိုတာ မိတ်ဆွေလည်း သိတဲ့အတိုင်းပဲလေ။ ဘုရားရှင် တစ်ဦးတည်းကိုသာ အစေခံပြီး ဘုရားရှင် တစ်ဦးတည်းကိုပဲ ချီးမြှောက်တဲ့ အသက်တာဖြင့် ဦးဆောင်နိုင်တဲ့သူပဲပေါ့။ ဒါကြောင့် ကျန်တာတွေ အားလုံးကတော့ အတုအယောင် တွေချည်းပါပဲ။ အကယ်၍ တစုံတစ်ယောက်က ခင်ဗျားကို သူ့မှာ ဘုရားနဲ့ လျှို့ဝှက်ဆက်သွယ်နိုင်တဲ့ နည်းလမ်းရှိတယ်။ ဒါမှမဟုတ် သူဟာ ဘုရားရဲ့ အထူးအခွင့်အာဏာ ရထားတဲ့ (Special Power ရထားတဲ့) ကမ္ဘာကြီးအတွက် အစေခံသူ (သို့မဟုတ်) ဦးဆောင်သူ ဆိုရင်တော့ မိတ်ဆွေရေ . . ခင်ဗျားတော့ မကြာခင် သိမ်းသွင်း ခံရတော့မယ်ဆိုတာ ကြိုသိပေတော့။

နောက်ဆုံးအချက်ကတော့ -
အသင်းသားတွေ တိုးတက်ကြီးပွားလာတာ၊ ပိုမိုရင့်ကျက် ပြောင်းလဲလာတာကို လုံးဝမလိုလားတဲ့ ခေါင်းဆောင်ရှိတဲ့ အဖွဲ့အစည်း တွေပဲပေါ့။ ဘုရားရှင်ရဲ့ သင်းအုပ်ကောင်းဆိုတာ ဒီလိုခေါင်းဆောင်မျိုး ဘယ်ဖြစ်နိုင်ပါ့မလဲ။ သင်းအုပ်ကောင်းဟာ အသင်းသားအားလုံး ရင့်ကျက်ပြောင်းလဲ လာအောင် အားသွန်ခွန်စိုက် ကြိုးစားပန်းစား ပြောင်းလဲပေးနိုင်မယ့်သူပဲ ဖြစ်ရမယ်လေ။ လိုအပ်တဲ့ (သင်ကြားသင့်တဲ့) နှုတ်ကပတ်တော် အချက် အလက်ကို မပျင်းမရိဘဲ သင်ကြားပေးနိုင်တဲ့ သူမျိုးလည်း ဖြစ်သင့်တယ်။ အချို့အသင်းအဖွဲ့ကျတော့ အသင်းသားတွေ မရင့်ကျက်လေ ပိုပျော်လေပဲ။ လွယ်လွယ်လေး အုပ်ချုပ်လို့ရတာကြောင့်ပဲပေါ့။ Brainwashing လို့ခေါ်တဲ့ recaption engraving မှားယွင်းတဲ့ အယူအဆကို အမှန်ပါလို့ တစ်သက်လုံး လက်ခံယူဆ ကျင့်သုံးအောင် ပြုလုပ်တဲ့ နည်းလမ်းများနဲ့ အုပ်ချုပ်ကြတယ်။

တခြားအချက် လက္ခဏာလေးတွေတော့ ရှိပါသေးတယ်။ အထက်ဖော်ပြပါ အချက်လက္ခဏာများကတော့ အဓိက ပါပဲ။ သိပြီလားမိတ်ဆွေ။ သိရုံနဲ့ မလုံလောက်ပါ။ အသိနှင့် ဆင်ခြင်ပါ။ ဆောင်ရန်ဆောင်ပါ။ ရှောင်ရန်ရှောင်ပါ။



၁။ မော်မွန်အဖွဲ့ရဲ့ အဓိက ယုံကြည်ချက်က ဘာလဲ။

ရှေ့မှ ဦးဆောင်သူက ဥပမာကောင်းများပြသခြင်းအားဖြင့် လမ်းညွှန်လုပ်ရှားတဲ့အဖွဲ့ (ဒါမှမဟုတ်) လူ့တန်ဖိုး၊ လူ့စည်းမျဉ်းများကို တသွေမသိမ်း လိုက်နာကျင့်သုံးဖြင့် လူ့တန်ဖိုးကို တိုးစေတဲ့ အဖွဲ့ဆိုလျှင် "မော်မွန်" အဖွဲ့ပဲပေါ့။ ရိုးစင်းတဲ့ လက်ခံယုံကြည်ချက်များပါပဲ။ ဒါပေမယ့်လည်းလေ အဲဒီယုံကြည်ချက်တွေက လုံးဝကို မှားနေကြတယ်။

သူတို့ရဲ့ယုံကြည်ချက်ကတော့ 'မိုနီရီ' လို့အမည်ရတဲ့ ကောင်းကင်တမန်တပါးက Upstate New York မှာ ရွှေပြားများစွာကို လာထားခဲ့ ကြောင်း၊ ထိုရွှေပြားများကို Joseph Smith ဆိုသူက ရှာဖွေတွေ့ရှိမိကြောင်း၊ ထိုရွှေပြားများကို အခြေခံ၍ "မော်မွန်"ကျမ်းစာအုပ်ကို Joseph Smith က ရေးသားလာခဲ့ကြောင်း၊ ထိုစာအုပ်မှာ "မော်မွန်" အသင်းတစ်ခုလုံးရဲ့ အဓိက အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထိုစာအုပ်ကို အခြေပြုပြီး နောက်ထပ် ထွက်လာတဲ့ စာအုပ် (၂) အုပ်ဖြစ်တဲ့ "Doctrine and Covenants" နဲ့ "The Pearl of Great Price, to be divinely inspired" ဆိုတဲ့ စာအုပ် (၂) အုပ်ကိုလည်း လက်ခံပြီး လိုက်နာကျင့်သုံးကြောင်း အစရှိသည်တို့ပေါ့။

"မော်မွန်" ဟာ ခရစ်ယာန်ဘာသာ မဟုတ်ပါဘူး။

အဓိကကွဲလွဲတဲ့အချက်ကတော့ " ကယ်တင်ခြင်းဆိုတာ ဘုရားသားတော်ယေရှုခရစ်တော်ကို ယုံကြည်ခြင်း ကြောင့်ရတာ" ဆိုတာကို သူတို့က လုံးဝလက်မခံကြဘူး။ "မော်မွန်" အသင်းသားတစ်ယောက် ဖြစ်လာပြီ ဆိုတာနဲ့ ကိုယ်ကိုယ်တိုင် ကြိုးစားပြီး ကောင်းကင်ဘုံမှာ နေရာရအောင် ယူနိုင်ရ မယ်ဆိုတဲ့ သွန်သင်ချက်နဲ့ သွန်သင်တယ်။

နောက်ထပ်သွန်သင်ချက်ကတော့ ဘုရားသခင်တစ်ဦးတည်းသာလျှင် အချုပ်အခြာအာဏာပိုင် မဟုတ်ဘဲ သူတို့ မော်မွန်အသင်းသားအားလုံး လည်း ကျင့်ကြံနိုင်ရင် ဘုရားများဖြစ်ကြမယ် ဆိုတာပါပဲ။ (ဘုရားလိုဖြစ်ချင်လို့ အောက်ပြုတ်ကျလာခဲ့တဲ့ စာတန်မာရ်နတ်ကို မိတ်ဆွေ အမှတ်ရလိုက် မယ်ဆိုရင်ပေါ့လေ)

နောက်ထပ် သွန်သင်ချက် ကတော့ ဘုရားဆိုတာ ဝိညာဉ်တမျိုးထဲ မဟုတ်ဘဲ လူကဲ့သို့ အသွေး ရှိကြောင်း၊ အရိုးလည်းရှိကြောင်း၊ ကိုင်တွယ်လို့ ရကြောင်း ဆိုတာပါပဲ။

နောက်ထပ်သွန်သင်ချက်ကတော့ " ယခုပင် ငါတို့ ဖြစ်တည်သကဲ့သို့ သူလည်း ဖြစ်ခဲ့၏။ ယခုပင် သူသည် ဖြစ်တည်သကဲ့သို့ ငါတို့သည် ဖြစ်ကြမည်။" ဆိုတာပါပဲ။

နှစ်စဉ်နှစ်တိုင်း မော်မွန်အဖွဲ့ခေါင်းဆောင်များက သူတို့စိတ်တိုင်းကျ စည်းကမ်းများ၊ နည်းလမ်းများကို ပြုပြင်ပြောင်းလဲ လေ့ရှိတယ်။ အတိုချုံး ပြောရရင်တော့ "မော်မွန်" အသင်းတော်ဟာ အောင်မြင်ကြီးထွား လာတယ်။ အသင်းသားလည်း ဒုနဲ့ဒေး ဖြစ်လာတယ်။ ပုံစံနမူနာကောင်း ပြခြင်းအားဖြင့် အသက်ရှင်နေကြပေမဲ့ (တုသယောင်ယောင်နဲ့) ဘုရားရဲ့စစ်မှန်တဲ့ အမှန်တရားနဲ့ကတော့ ဟိုးအဝေးကြီးမှာ ကွာဝေးနေလျက်ပါ မိတ်ဆွေ။

၂။ ယေဟောဝါသက်သေခံများ အဖွဲ့ရဲ့ အဓိက ယုံကြည်သွန်သင်ချက်က ဘာလဲ။

ATTENTION:
Jehovah's Witness
If you ring this doorbell before I wake up. You WILL receive a blood transfusion from this weapon.

'ကယ်တင်ခြင်းကို ရယူလိုလျှင် ယေဟောဝါအတွက် သက်သေခံခြင်းရှိရမယ်" ဆိုတာပါပဲ။ (အသွေးသွန်းခြင်း မရှိလျှင် အပြစ်လွှတ်ခြင်းမရှိ" ဆိုတာပဲ ကြားဖူးပါတယ်။ သူတို့နဲ့ကြမှ သက်သေခံခြင်းမရှိလျှင် ကယ်တင်ခြင်း မရှိတဲ့။ အံ့သြလေစွ)။ ကယ်တင်ခြင်းကို ရယူလိုလျှင် လမ်းများသို့ သွား၍ ယေဟောဝါ (ခမည်းတော်ဘုရား) အတွက် သက်သေခံရမယ် ဆိုတာကိုအကြွင်းမဲ့ ယုံကြည်ကြတယ်။

ကျွန်တော်တို့ ခရစ်ယာန်တွေနဲ့ သူတို့နဲ့ အဓိက ကွဲလွဲချက်ကတော့ (ထုံးစံအတိုင်းပေါ့) ယေရှုခရစ်တော် ဆီမှာပါပဲ။ သူတို့က "ခရစ်တော်ဟာ ဖန်ဆင်းခြင်း ခံရတဲ့ ဘုရားတွေထဲက ဘုရားတစ်ပါးဖြစ်တယ်။" လို့ ယုံကြည်တယ်။ ယော၊ ၁း၁ ကိုလည်း " အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ . . . ထိုနှုတ်ကပတ်တော်သည်လည်း ဘုရားတစ်ပါးဖြစ်၏" တဲ့။ သူတို့အဖွဲ့ကတော့ ခမည်းတော်ဘုရားမှ ခမည်းတော်ဘုရားပါပဲ။(မေးပါရစေ မိတ်ဆွေ ခမည်းတော်ဘုရားက ဘယ်သူလဲ)။

အလံတွေ၊ မဲပေးတာတွေ၊ စစ်တပ်ထဲမဝင်ရတာတွေ၊ ပြည်သူတွေအတွက် စည်းဝေးရာခန်းမတွေကို လုံးဝဦးစား မပေးကြဘဲ ခမည်းတော် ဘုရားအတွက် သက်သေခံရေးသာလျှင် အဓိကဖြစ်ကြောင်း အကြွင်းမဲ့ယုံကြည်ပြီး လက်တွေ့မှာ လိုက်လျှောက်သက်သေပြကြတယ်။
ပျော်ပွဲရွှင်ပွဲ မကျင်းပရ။
မွေးနေ့ပွဲ မကျင်းပရ။
သွေးမလှူရ၊ သွေးမသွင်းရ။
အဓိကပြဿနာကတော့ တကယ်ပဲ ကယ်တင်ခြင်းရမရ (ကယ်တင်ခြင်းစိတ်ချမှု ရှိမရှိ) ဆိုတာပါပဲ။

ယေဟောဝါသက်သေများ ကတော့ အရင်တုန်းကတော့ ၁၉၁၄ မှာ ကမ္ဘာပျက်မယ်ဆိုပြီး ကမ္ဘာကြီးကို လှို့ဆော်ခဲ့ကြပါတယ်။ ဒါပေမယ့် ၁၉၁၄ မှာ ကမ္ဘာကြီး မပျက်ခဲ့ပါဘူး။ တစ်ခါကျမ်းစာထဲမှာပါတဲ့ ၁၄၄,၀၀၀ (တစ်သိန်းလေးသောင်းလေးထောင်) အသင်းဝင်ဆိုတာ သူတို့ကိုပြောတာပါ ဆိုပြီး အသံလွှင့်ကြပြန်ကော။ တစ်ခါ သူတို့အသင်းသားဦးရေ ၁၄၄,၀၀၀ လည်းကျော်ကော သူတို့ဟာ ရွေးသန့်ရှင်းသူတွေ ဖြစ်လာပြီး ကမ္ဘာကြီးကို မကြာမီ အမွေခံကြရတော့မည်ဖြစ်ကြောင်း စောဒကတတက်ကြပြန်ပါကော။

ခရစ်ယာန်ဘာသာကတော့ ရှင်းပါတယ်။ ခရစ်တော်ကိုယုံကြည်တာနဲ့ ကယ်တင်ခြင်းရပါတယ်။ သူတို့ကျတော့ ယုံကြည်လို့ရတာ မဟုတ်ဘူး။ ကောင်းတဲ့ အလုပ်၊ သက်သေခံတဲ့အလုပ်ကို အဆက်မပြတ်လုပ်နေမှ ကယ်တင်ခြင်းရတာတဲ့။ ကျမ်းစာထဲမှာ မပါတဲ့ အချို့သော အယူဝါဒ များကိုလည်း လက်ခံကျင့်သုံးကြတယ်။

၃။ ယူနီတေးရီးယန်းတွေရဲ့ အဓိကယုံကြည်ချက်က ဘာလဲ။

UNITARIAN
UNIVERSALIST
CHURCH OF FRESNO

သုံးပါးတစ်ဆူဆိုတာကို မယုံဘူး။ ယေရှုခရစ်တော်ဟာ ဘုရားသခင်နဲ့ တစ်ယောက်ထဲဖြစ်တယ်ဆိုတာ မယုံဘူး။ သူတို့အဆိုကတော့ ဘုရားသခင်ကိုပဲ ကိုးကွယ်ပါ။ ဘာသာရေးကိုင်းရှိုင်းတဲ့ လူမှုပေါင်းသင်း ဆက်ဆံရေး အဖွဲ့တွေအနေနဲ့ စံနမူနာပြု နေထိုင်ပြကြတယ်။ အကျိုးအကြောင်း ခိုင်မာတဲ့ အချက်အလက်များကို ယုံကြည်ကြတယ်။ လူသားချင်း စာနာထောက်ထားခြင်း၊ ကူညီရိုင်းပင်းကြခြင်းကို အထူးအလေးအနက်ပြု ဆောင်ရွက် ကြတယ်။

ခရစ်တော်ကို ယုံကြည်မှုသာလျှင်ကယ်တင်ခြင်းရမယ်ဆိုတာကို လုံးဝမယုံဘဲ လူ့အခွင့်အရေးတွေပေါ်မှာ၊ ကုလသမဂ္ဂအပေါ်မှာ၊ ပညာရေး မြင့်တင်ရေး ဆောင်ရွက်ချက်တွေအပေါ်မှာ၊ ဆင်းရဲမှုပပျောက်ရေး လုပ်ရှားမှုတွေ ပေါ်မှာ၊ နယူးကလီးယားလက်နက်တိုက်ဖျက်ရေး အပေါ်မှာ သက်ဝင် ယုံကြည်ကြတယ်။ ဘုရားသခင်ကိုလည်း ယုံကြည်ကြတယ်။ ဒါပေမယ့် ယေရှုကိုတော့ မယုံကြည်ဘူး။

၁၉၆၁မှာ သူတို့အဖွဲ့က Universalist ဆိုတဲ့ အဖွဲ့နဲ့ အပြီးသတ်ပူးပေါင်းလိုက်ကြပြီး ၁၉ရာစုမှာ လှုံ့ဆော်ကြေငြာတာကတော့ ကယ်တင်ခြင်း ဆိုတာ လူသားတိုင်းအတွက် ဖြစ်တယ်။ နောင်တရပြီး အပြစ်ဝန်ချပြီး တောင်းပန်ပန် မတောင်းပန်ပန် ကယ်တင်ခြင်းကို အားလုံးကရပြီးဖြစ်တယ်တဲ့။ ဒွိဟဖြစ်စရာ အချက်ကတော့ Universalist တွေက ခရစ်တော်ဟာ ဘုရားသခင်ဖြစ်တယ်ဆိုတာကို ယုံပြီး ယူနီတေးရီးယန်း တွေကျတော့ မယုံကြဘူး။ ဘယ်လိုများ အဲဒီအုပ်စုနှစ်စု ပေါင်းစပ်သွားကြပါလိမ့်။

ယနေ့ကာလများမှာတော့ အဆိုတင်ပြချက်တစ်ခု ထွက်လာတိုင်း ဒါဟာ လူသားချင်းစာနာထောက်ထားတဲ့ လူများဆီကလား။ ယူနီတေးရီးယန်းတွေဆီကလား။ ဘုရားမဲ့ဝါဒီတွေဆီကလား။ ဆိုပြီး ရှုပ်ကုန်တော့တာပါပဲ။

၄။ ယူနီဖီကေးရှင်းအသင်းတော်ရဲ့ အဓိကသွန်သင်ချက်က ဘာလဲ။

အမေရိကားမှာ ဗဟိုဌာနအဖြစ် ၁၉၇၂ မှာ ဖွင့်လှစ်လာနိုင်ခဲ့တဲ့ ယူနီဖီကေးရှင်းအသင်းတော်များဟာ တည်ထောင်သူ သင်းအုပ်ဆရာ စုမိုင်မွန်း ကို အဓိကဗဟိုပြုထားတာပါ။ ကိုရီးယားမှာ စတင်ပြီး အသင်းတော်တည်ထောင်ခဲ့တာပါ။

Unification Church Founder Rev. Sun Myung Moon

ဆရာ'မွန်း' ယုံတာကတော့ ကမ္ဘာ့ပြဿနာအားလုံးကို အပြီးသတ်ဖြေရှင်းပေးနိုင်မယ့် နိုင်ငံရေးခေါင်းဆောင် ဟာလည်း အခြားသူမဟုတ်ဘဲ သူပဲဖြစ်နေ တယ်ဆိုတာကိုလည်း ကြေငြာတယ်။

ဘုရား ကိုယ်တိုင်က ဆရာမွန်းကို တိုက်ရိုက်ပေးအပ်တဲ့ လုပ်ထုံးလုပ်နည်း၊ လုပ်နည်းလုပ်ဟန်၊ စည်းကမ်း ချက်များအားလုံး လိုက်နာကြ ရမယ်လို့ အမိန့် ပေးပါတယ်။

အာဒံ(၃) ယောက် အားဖြင့် ဘုရားက ကမ္ဘာကြီးကိုကယ်တင်မယ်လို့ ယုံကြည်ကြတယ်။

ပထမအာဒံနဲ့ သူ့မိန်းမဧဝက အပြစ်လုပ်မိလို့ ကမ္ဘာကြီးအမွေမခံနိုင်ကြဘူးတဲ့။

ဒုတိယအာဒံ ကတော့ ယေရှုခရစ်တော်ပဲ ဖြစ်တယ်တဲ့။ အသင့်တော်ဆုံး လူတစ်ယောက်ကို ရွေးချယ်လက်ထပ်ပြီး ကမ္ဘာ့နိုင်ငံရေး အာဏာကို ရောမအင်ပါယာ လက်မှ ရအောင်ယူရမှာတဲ့။ ဒီလိုဖြစ်ရမဲ့အစား မာရ်နတ်စာတန်က ခရစ်တော်ရဲ့ ခန္ဓာကိုယ်ထဲကို သူကိုယ်တိုင်ဝင်ရောက်ပြီး အသေသတ် ဖျက်ဆီးပစ်လိုက်တာပါ။ မျိုးဆက်လည်း မပြန့်ပွား နိုင်သလို ဘုရားရဲ့ကယ်တင်ခြင်းအစီစဉ်လည်း ပျက်သုန်းသွားတော့တာပါပဲ။ ခရစ်တော်ဟာ ဘုရား မဟုတ်ဘူး။ ဒါပေမယ့် ဘုရားရဲ့ အကြံအစည်အားလုံးကို ဖြည့်ဆည်းပေးတဲ့သူလို့ပဲ ဆရာမွန်းက သွန်သင်တယ်။ သုံးပါးတစ်ဆူ ဘုရား ရှိတာကိုယုံကြည်ပေမယ့် ခရစ်တော်ရှင်ပြန်ထမြောက်တာကို မယုံကြည်ဘူး။

တတိယအာဒံဟာ သူပဲဖြစ်တယ်လို့ မပြောရုံတမယ်ပါပဲ။ တတိယအာဒံဟာ ဒုတိယအာဒံမလုပ်နိုင်ခဲ့တာတွေကို လုပ်လိမ့်မယ်။ အိမ်ထောင်ပြု မယ်။ တိုးပွားအောင်လုပ်မယ်။ နိုင်ငံရေးအာဏာကို သူ့လက်ထဲရောက်အောင် လုပ်ပြီး ကမ္ဘာကြီးကိုကယ်တင်မယ်တဲ့လေ။

မွန်းရဲ့အဖွဲ့ဝင် အသင်းသားတွေအားလုံးဟာ လျှို့ဝှက်လမ်းစဉ် အကျင့်ဖြင့်ကျင့်ရတဲ့ ကောင်းကင်နှင့်ဆိုင်တဲ့ လှည့်ဖျားနည်းလမ်းများကို သင်ယူတတ်မြောက်ကြပြီး ထိုနည်းလမ်းများနဲ့ လူတွေကို မျက်စိမှောက်မှားအောင် ပြောဆိုပြီး အလှူငွေတောင်းကြတာပဲ။ အခုတော့ သူတို့ရဲ့ ဒီအင်ပါယာစနစ်၊ (ပိုက်ဆံတောင်းတဲ့စနစ် ကြီး)ကို ကမ္ဘာကြီးက တော်တော်သိသွားပြီး အားလုံးကကျဉ်ရှောင်လာကြပြီလေ။

ယူနီဖီကေးရှင်းအသင်းတော်ရဲ့ ယခင်က အသင်းသားဖြစ်ခဲ့တဲ့ 'မူးနီး' ကပြောတာကတော့ အရှေ့တိုင်း တိုင်းသား များရဲ့လှည့်ဖျားခြင်း ပညာ ရပ်ဆန်းများကို သုံးပြီး လမ်းမှားနေတဲ့ လေလွင့်လူငယ်များကို မမှန်ကန်တဲ့ သူတို့ရဲ့ လိမ်လည်လှည့်ဖြား နည်းလမ်းများကို ဦးနှောက်ထဲသို့ ရိုက်သွင်းပြီး အသင်းသားဖြစ်အောင် စပြီးလုပ်ကြတော့ တာပါပဲ။ သူတို့ကို အသင်းသားဖြစ်အောင် 'အချစ်မေတ္တာ' အတုနဲ့ လိမ်လည်ပြောဆို ချစ်ယောင်ဆောင် ဟန်ပြကြပြီး ထိုမှတဆင့် အသင်းတော်ထဲသို့ ရောက်အောင်ခေါ်လာကြတယ်။ ထိုမှတဖန် အသင်းသားတွေရဲ့ အိမ်ကိုခေါ်ဆောင်သွားကြပြီး သူတို့နဲ့ အတူတူနေကြစေတယ်၊ တစ်ဖွဲ့တည်းသဘောပေါ့လေ။

အဲဒီအိမ်တွေကိုရောက်တော့ နာရီပေါင်းများစွာ အိပ်ခွင့်မပေးကြဘူး၊ အသံနက်ကြီးတွေနဲ့ သူတို့ရဲ့ဆောင်ပုဒ်တွေ၊ ယူဆချက်တွေ ဒါတွေ လုပ်ရမယ် ၊ ဒါတွေမလုပ်ရဘူး အစရှိတာတွေကို အကြိမ်ကြိမ် အော်ပေါက် ပြောဆို လာလိုက်တာ နောက်ဆုံး ဒီလူသစ်တွေဟာ ကြောင်တောင်တောင် ဖြစ်ကုန်တဲ့ အထိပါပဲ။ ဦးနှောက်ဆေးခြင်း ပညာနဲ့ ဂိုဏ်းပြန့်ပွားအောင်လုပ်နည်းပါ။

ဒီလိုလုပ်ပြီးတာနဲ့ လမ်းတွေမှာချပေးပြီး တခြားလူတွေကို အသင်းသားဖြစ်အောင်သော်လည်းကောင်း၊ ပိုက်ဆံ ရအောင် တောင်းခိုင်းတာ မျိုးသော်လည်းကောင်း လုပ်ခိုင်းတော့တာပါပဲ။ တနေ့တာလုပ်ငန်းစဉ် ပြီးဆုံးပြီဆိုတာနဲ့ အခန်းတစ်ခုထဲမှာ အားလုံးကိုစုထားပြီး အစာနည်းနည်းပဲ ကျွေးခြင်း၊ အိပ်ရေးမဝ အောင်အိပ်စေခြင်း၊ ပတ်ဝန်းကျင်မှာ နံရံမှလွဲ၍ လေ့လာစရာဘာမှ မရှိစေခြင်း၊ ပြင်ပလောကနဲ့ အဆက်အသွယ် ပြတ်စေခြင်း တို့ဖြင့် တနေ့တာ အိမ်ပြန်ချိန်များ ကို ကုန်လွန်စေပါတယ်။ အချိန်ကာလ၊ နှစ်လများ ဘယ်လောက်ကြာကြာ ဒီလိုလုပ်ခံခဲ့ရတယ်ဆိုတာ သူတို့ကို သူတို့တောင် မသိကြတော့ပါဘူး။

ငွေကြေးရသထက်ရပြီး ငွေကြေးအင်အား အင်မတန် တောင့်တင်းခိုင်မာတဲ့ အဖွဲ့ကြီးဖြစ်လာတာနဲ့ အမျှ အဖွဲ့ဝင်အင်အားကို ငွေကြေး မြောက်များစွာ အကုန်အကျခံပြီး တိုးချဲ့လျက်ရှိနေပါတော့တယ်။ ဟုတ်ကဲ့ အခုဆက်ပြောမယ့် အချက်(၂)ချက်ကတော့ မိတ်ဆွေကို အလွန်အံ့အား သင့်စေပါလိမ့်မယ်။ ကိုးရီးယား မှာရှိတဲ့ ကုမ္ပဏီကြီးအမြောက်အမြားကို ဒီအဖွဲ့က ပိုင်ဆိုင်ထားတယ်။ IL Wha Pharmaceutical ကုမ္ပဏီနဲ့ Tong Wat Titanium ကုမ္ပဏီတို့ဆိုတာ တစ်ကမ္ဘာလုံး သိထားတဲ့ နာမည်ကြီးကုမ္ပဏီတွေပါ။ ဒီအဖွဲ့က ပိုင်ဆိုင်ထားတယ်လေ။ အမေရိကားမှာတော့ တခြား ကုမ္ပဏီတော်တော်များများကိုလည်း ဒီအဖွဲ့က ပိုင်တယ်။ လုပ်ငန်း(၃) ခုရဲ့နာမည်ကို ပြောလိုက်ရင်းဖြင့် နိဂုံးချုပ်ပါရစေ။

- The Diplomal- Mational Bank
- The New Yorker Hotel
- The Washington Timer Newspaper

၅။ ဟာရီခရစ္စတီးနားတွေရဲ့ အဓိကယုံကြည်ချက်က ဘာပါလဲ၊



Swami Prabhupada

ဟိန္ဒူဘာသာမှ ဂိုဏ်းကွဲပြီးဖြစ်လာတဲ့ ဟာရီခရစ္စနားဘာသာဝင်တွေက 'ခရစ္စနား' ဘုရားသာလျှင် အချုပ်အခြာ အာဏာပိုင်ဖြစ်တယ်လို့ ယုံကြည်ခြင်း ပါပဲ။ ဟိန္ဒူမှာ ဘုရားအများရှိကြပေမယ့် အဓိက တန်ခိုးကြီးပြီး အစွမ်းထက်တဲ့ ဘုရား (၃) ပါးကတော့ Brahma (ဖန်ဆင်းရှင်ဘုရား)၊ Shiva (ဖျက်ဆီးခြင်းဘေးဥပဒ် အပြည့်ဖြင့် ဘုန်းကြီးသောဘုရား) နဲ့ Vishnu (ပြီးပြည့်စုံခြင်း ကောင်းချီးမင်္ဂလာများကို ပေးနိုင်သောဘုရား)။

Vishnu ဘုရားဟာ ကမ္ဘာကြီးမှာဖြစ်တည်ခဲ့တဲ့ ဘဝပေါင်းများစွာရှိခဲ့တယ်လို့ သူတို့ယုံကြည်ကြတယ်။ အဲဒီအထဲက တစ်ဘဝကတော့ 'ခရစ္စနား' ပဲတဲ့။ အိန္ဒိယပြည်မှာ ဒီဘာသာကို ၁၉၃၀ မှာစပြီး အနောက်ဘက် နိုင်ငံခြားကို ဘာသာပြန့်ပွားအောင် လုပ်ဆောင်ကြတော့တာပါပဲ။ အဓိက ဦးဆောင်သူ အမည်က တော့ Swami Prabhupada ပဲဖြစ်တယ်။ ၁၉၆၅ မှာ အမေရိကားကိုရောက်လာပြီးတော့ နယူးယောက်မြို့တော်ကြီးကို 'ဟာရီခရစ္စနား' ဘာသာမြို့တော်ဖြစ်အောင် ကြိုးစားလုပ်ဆောင်တော့တာပဲ။

သူတို့ရဲ့ အဓိက သက်ဝင်ယုံကြည်ချက်ကတော့ – အရာအားလုံးဟာ ဖြစ်ပျက်ပြောင်းလဲရုံသာမက တစ်ခုနဲ့တစ်ခု ဆက်စပ်နေကြပြီး လူသား အားလုံးဟာလည်း ဘုရားတွေဖြစ်ကြတယ်ဆိုတာပါပဲ။ သေပြီးပြန်ဝင်စား တယ်ဆိုတာကို အထူးအလေးပေးယုံကြည်တယ်။

နောက်တစ်ချက်ကတော့ 'ခရစ္စနား' ဘုရားဆိုတာ တကယ်တမ်းကျတော့ ဂျူးလူမျိုးတွေရဲ့ဘုရား၊ ခရစ်ယာန် တွေရဲ့ဘုရား၊ မွတ်ဆလင် တွေရဲ့ဘုရားနဲ့ တစ်ဘုရားထဲ ဖြစ်တယ်လို့ပြောတယ်။ အဲဒီတခြားဘာသာတွေက သူတို့ဘုရားရဲ့ အဓိကနာမည်ဟာ 'ခရစ္စနား' ဖြစ်နေတယ်ဆိုတာ မသိကြဘူး၊ သိရင်လည်း လက်မခံကြဘူးလို့ ပြောတယ်။ ကယ်တင်ခြင်းရရှိမှုဆိုတာဟာ 'ခရစ္စနား' တစ်ဦးတည်းကို ကိုးကွယ်ယုံကြည်မှ ရမယ်လို့ ပြောတယ်။ နာမည်ကွဲများနဲ့ သူတို့ကိုးကွယ်နေတာ သူ့ကို စုံစမ်းမှုပြုနေတာမျိုး ဖြစ်စေတယ်။ ဒါပေမယ့်လည်း အလှူငွေတွေကတော့ သူပဲရနေ တာပါတဲ့။

ခေါင်းဆောင်ကြီး Prabhupada သင်ကြားပေးတဲ့ ၆၄ နည်းလမ်းဖြင့် ဝတ်ပြုကိုးကွယ်ကြပြီး ခရစ္စနားဘုရားကို ကခုန်ရင်းဖြင့်သော်လည်း ကောင်း၊ အတီးအမှုတ် တေးဂီတများဖြင့် သော်လည်းကောင်း၊ ဝတ်ပြုကိုးကွယ် ကြတယ်။ ဘုန်းကြီးသင်္ကန်းအရောင်ရှိတဲ့ ဝတ်ရုံကိုဝတ်ကြပြီး ယောကျာ်း တွေအားလုံးက ခေါင်းကို ပြောင်အောင်တုံးကြရမယ်။ ဒါပေမယ့် ဝက်မြီးပုံစံကဲ့သို့ အမြီးရှည်ကိုခေါင်းအနောက်ဖက်မှာ ပုံစံဖော်ထားရမယ်တဲ့။ အသီးအရွက်ကိုပဲ စားရမယ်။ ဒါမှလည်း ဘုရားနဲ့ ဆက်သွယ်ဆုတောင်းလို့ ရမယ်တဲ့။

လေယဉ်ပျံကွင်းတွေမှာ အများပြည်သူသွားလာတဲ့ နေရာတွေမှာ သီချင်းတွေ၊ ကခုန်ပြီး သူတို့ရဲ့ဘုရားကို ပူဇော်ဂုဏ်ပြုတာမျိုး မကြာခဏလုပ်ကြသလို၊ ကခုန်ရင်းဖြင့် သူတို့ရဲ့ စာအုပ်တွေကိုလည်း ရောင်းချလေ့ရှိတယ်။ သေချာတာကတော့ သူတို့ ဘုရားစားကျက်ပြောင်းတာပါပဲ။ သူတို့ဘာသာ စတင်တည်ထောင်ခဲ့တဲ့ အိန္ဒိယပြည်ဟာ အစာရေစာခေါင်းပါးခြင်း ၊ လူဦးရေအဆမတန်များလာခြင်း၊ စာမတတ်သူပိုများလာခြင်း၊ အမျိုးမျိုးသောဆင်းရဲဒုက္ခများ ကြုံတွေ့လာကြခြင်းကြောင့် အမေရိကန်ပြည်ထောက်စုသို့ အလျင်အမြန် ပြောင်းပြေးလာကြရတော့တာပါပဲ။ ထူးဆန်း တာကတော့ ဘာသာစတင်တဲ့အိန္ဒိယပြည်မှာ ဘာသာမပြန့်ပွားပဲ ရာစုပေါင်းများစွာအမေရိကန်ပြည်မှာ အောင်မြင်တိုးတက်လာခဲ့တယ် ဆိုတာပါပဲ။

၆။ အသိဉာဏ်ကို လုပ်၍ထိန်းချုပ်စေနိုင်ခြင်း၊ ဝိညာဉ်များနဲ့ဆက်သွယ်ခြင်း၊ ပြဿနာအားလုံးကို အိပ်ငွေ့ချအိပ်ပျော်စေခြင်းဖြင့် ဖြေရှင်းခြင်းနဲ့ ဟိန္ဒူဘာသာတရား တို့ရဲ့ အဓိကယုံကြည်ချက်က ဘာပါလဲ။

သူတို့ အားလုံးမှာတူညီတဲ့အခြေခံအချက်ကတော့-
လူဆိုတာဟာ-

- ဖြစ်တည်မှုတရားရဲ့ ရုပ်ပြရလဒ်တစ်ခုပဲ။
- သန့်စင်မွန်မြတ်ပြီး ဘုရားတစ်မျိုးလည်းဖြစ်တယ်။
- သခြင်းဆိုတာမရှိဘူး။ ဘဝမျိုးစုံကို ကူးပြောင်းအသက်ရှင်နေတာမျိုး ဖြစ်တယ်။
- နောင်ဘဝများမှာပြန်ဝင်စားပြီး အတိတ်ကအကြောင်းအရာအားလုံးကို တရားမြင်မှတ်နိုင်စွမ်းလည်းရှိတယ်။
- ကြားခံမီဒီယံအဖြစ်လည်း ကိုယ့်ကိုကိုယ် အသုံးချနိုင်တယ်။
- အကြားအမြင်လည်း ရနိုင်တယ်။

မိတ်ဆွေ ဒီလိုမျိုးတွေဟာ ဘုရားနဲ့ဘာမှ ဆက်နွယ်မှုမရှိဘဲ စာတန်နဲ့ နတ်ဆိုးတွေနဲ့သာ သိကျွမ်းနေသူများပါ။

လူကိုယ်ခန္ဓာ(Body)၊ စိတ်(Soul) နဲ့ ဝိညာဉ်(Spirit)ဆိုပြီး သုံးမျိုးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတယ်။ ဘုရားသခင်က လူရဲ့ဝိညာဉ်ကိုသာ သူ့ရဲ့သား သမီးတွေ ဖြစ်စေချင်တာပါ စိတ်(Soul) ကိုမဟုတ်ပါဘူး။ ဒါပေမယ့် အထက်ဖော်ပြပါ ဘာသာရေးအဖွဲ့ဝင်တွေကတော့ လူရဲ့စိတ်(Soul)ကို နည်းမျိုးစုံနဲ့ လှည့်ဖြားပြီး လိုချင်ကြတာပါ။ အတိအကျပြောမယ်ဆိုရင် စိတ်ပျက်စီးပြီဆိုရင် ခန္ဓာကတော့ပျက်ပြီးသွားနိုင်ပြီလေ။ စိတ်ထောင်း ကိုယ်ကြေဆိုတာမျိုးပေါ့။

တမန်တော်ကြီးရှင်ပေါလုပြောတဲ့ ဇာတိပကတိလူဆိုတာ အထက်ပါလမ်းစဉ်များကို ကျင့်သုံးတဲ့လူကို ခေါ်ဆိုတာလည်းဖြစ်တယ်။ ၁ကော ၂း၁၄ အရ ဇာတိပကတိလူဟာ ဘုရားရှင်ရဲ့ ဝိညာဉ်ဆုကျေးဇူးများကို ခံယူနိုင်ခွင့်မရှိပါဘူး။ ဦးနှောက်ကို လှမ်းထိန်းချုပ်ခြင်း၊ အိပ်ငွေ့ချအမိန့်ပေး ခြင်းနဲ့ ခေတ်သစ်လှုပ်ရှားမှု အားလုံးဟာ ဇာတိပကတိသဘောရှိတဲ့အတွက် မိမိအပြစ်ကို ဖော်ပြဝန်ချတောင်းပန်ခြင်း၊ နောင်တရခြင်း မရှိကြပါဘူး။ ဒုတိယမွေးခြင်းခံမှ ကောင်းကင်ဘုံ နိုင်ငံတော်သို့ ဝင်ရောက်ရမယ်ဆိုတာလည်း မသင်ကြား ကြပါဘူး။ အသိဉာဏ်ပညာ၊ အမြော်အမြင် ကြီးရင့် လာလေလေ သူများပေါ်လွှမ်းမိုးနိုင်လေလေ။ ထိုမှတဆင့် ကမ္ဘာကြီးကို ချုပ်ကိုင်နိုင်ပြီး ဘုရားတစ်ပါးဖြစ်လာနိုင်လေလေလို့ သင်ကြားတယ်။

ကျွန်တော်တို့ ခရစ်ယာန်တွေ သတိပြုရမယ့်အချက်ကတော့ စိတ်နဲ့ဇာတိလွှမ်းမိုးတဲ့နေရာ၊ ဘုံဒေသဟာ ဝိညာဉ်နတ်ဆိုးတို့ရဲ့နေရာ ဖြစ်တယ်ဆိုတာပါပဲ။ ပေဒင်လက္ခဏာ မေးနေစဉ်မှာပဲ လူတွေထဲကို ဒီနတ်ဆိုးတွေ ဝင်ရောက်ကြတာကို မမေ့လိုက်ကြပါနဲ့နော်။ လူသေကိုကိုင်ပြီး သေလွန်သူကိုမေးနေတဲ့ ဆရာတွေဟာ တကယ်တမ်းကျတော့ ဒီဝိညာဉ်ဆိုးတွေနဲ့ ဆက်သွယ်စကားပြောနေကြတာပါ။ သတိပြုပါမိတ်ဆွေ။ အရှေ့တိုင်း မှ ဘာသာများအားလုံး ဟိန္ဒူဘုရားများအားလုံး၊ ဦးနှောက်ထိန်းချုပ်ခြင်း ဘာသာတရားများအားလုံး နောက်ကွယ်မှာ မားမားမတ်မတ်ကြီးရပ်နေတာ မကောင်းဆိုးရွားတွေပဲ။ စာတန်နဲ့ အပေးအယူလုံးဝမလုပ်ပါနဲ့။

မိတ်ဆွေ – ယေရှုတစ်ပါးသာ တဖက်သက် 'အပေး'ရှိပြီး ဘာဆိုဘာမှပြန်မယူတာပါ ။ စာတန်ကတော့ 'ပေးပြီးတာနဲ့ တပြိုင်နက် မိတ်ဆွေ အဆမတန် အကုန်ပြန်ပေးရလိမ့်မယ်။ ထိုမှမက ငရဲမှာ သူတို့အတူဒဏ်ခံဖို့ မိတ်ဆွေရွေးချယ်လိုက်တာလေ။ ဒါကြောင့် ဘယ်တော့မှ စာတန် မာရ်နတ်နဲ့ အပေးအယူမလုပ်ပါနဲ့။ မာရ်နတ်ဆီမှ ဘာဆိုဘာမှ လက်မခံပါနဲ့။

ဘုရားရှင်က မာရ်နတ်ကိုဆီးတားဖို့ ကျမ်းစာအားဖြင့် သတိပေးပြောကြားတယ်။ ဘုရားရှင်က ဘယ်တုန်းကမျှ "သင်တို့သည် ထက်မြက်သောကြောင့် မာရ်နတ်ကို လက်ခံစကားပြောကြခြင်းဖြင့် ညှိနှိုင်း၍ထွက်ချက်ကြလော့၊ အပေး အယူပြုကြလော့" လို့ မသင်ပါဘူး။ မိတ်ဆွေ ဒီအချက်ကို အထူးသတိပြုပါ မိတ်ဆွေ။

ရှင်းရှင်းလေးပါ။ မလုပ်နဲ့ဆိုရင် မလုပ်နဲ့လေ။ ဆီးတားကြလော့ဆို ဆီးတားကြလေ။

ဒီအဖွဲ့၊ ဒီနည်းလမ်းကို လိုက်နာကြတဲ့ လူတွေအားလုံးဟာ အရာတခုကို အရမ်းလိုချင်ကြတယ်။ အဲဒါဘာလဲသိလား မိတ်ဆွေ။ ပါဝါ– တစ်နည်းအားဖြင့် တခြားလူတွေ ကိုယ့်ကို သိပ်အထင်ကြီးသွားစေအောင် ပြနိုင်တဲ့ပါဝါ၊ အာဏာကို သိပ်မက်မောလိုချင်ကြတယ်။ ဘုရားရှင်မပါတဲ့၊ ဘုရားမကြိုက်တဲ့ဒီလူနဲ့၊ ဒီနည်းလမ်း တွေနဲ့ မိတ်ဆွေပတ်သက်နေမယ်ဆိုရင် မိတ်ဆွေဟာ စာတန်မာရ်နတ်နဲ့ အပေါင်းအပါတို့ရဲ့ အဖွဲ့ဝင်ကဲ့သို့ ဖြစ်မနေဘူးလား။ ဘုရားက ဉာဏ်အသိပညာကို ကျမ်းစာဖတ်ခြင်းဖြင့် ရယူဖို့ သင်ကြားတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို ဆုတောင်းခြင်းဖြင့်လည်း ဒီဆုကျေးဇူးကို ဘိသိက်ပေးခြင်းခံရခြင်းဖြင့် ရနိုင်တယ်လို့ လည်း သင်ကြားတယ်။

အနာဂါတ်ကို ကြိုတင်နိမိတ်ဖတ်တဲ့လူတွေ တခြားလူတွေပေါ်မှာ ကျော်စော အနိုင်အထက်ပြုချင်တဲ့လူတွေ၊ သေလွန်သူတွေနဲ့ လက်ခံစကား ပြောတဲ့လူတွေ သူတို့တွေရဲ့ဘဝ ဘယ်လိုနိဂုံး ချုပ်ကြရသလဲလို့ မိတ်ဆွေထင်ပါသလဲ၊ ညဖက်ဆို ဘယ်လိုမျက်နှာကြီးတွေ သူတို့ဆီကို လာကြတယ် လို့ မိတ်ဆွေစဉ်းစားမိပါသလား။



၇။ အကြီးမားဆုံးသော ယနေ့ရှင်ဆိုင်နေသော အသင်းတော်ရဲ့ ပြဿနာဟာ ဘာများပါလဲ၊

'စည်းလုံးညီညွတ်မှုမရှိခြင်း' ပဲပေါ့။ အခြားမရှိပါ။ မီးမောင်းထိုးပြပါရစေ၊ ခရစ်တော်ဘုရားရှင် ကောင်းကင်ဘုံသို့ချီဆောင်ခြင်းမခံမီ၊ သူ့ရဲ့တပည့်တော်များအတွက် ဆုတောင်းပေးခဲ့တယ်ဆိုတာ မိတ်ဆွေမှတ်မိပါဦးမလား။ (ယောဟန် ၁၇း၂၀-၂၁)

ဘာဆုကိုတောင်းခဲ့တာလဲ ၊

'တပည့်တော်အချင်းချင်း စည်းလုံးညီညွတ်မှုရှိကြဖို့' ပဲလေ။
ခရစ်တော်ဘုရားကဆုတောင်းပြီး ဘာဆက်ပြောပါသလဲ။ 'တပည့်တော်များအားလုံးဟာ အရာရာ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဆောင်ရွက်ကြမယ် ဆိုရင် သားတော်ကို ခမည်းတော်က တကယ် စေလွှတ်ခဲ့တာပါတကားဆိုပြီး ကမ္ဘာကြီးက ယုံကြည်လက်ခံလာလိမ့်မယ်' တဲ့။

မိတ်ဆွေ- ဇာတ်ဂေလိုလုပ်ချင်ပါသလား။ ဘုရားစကားနားထောင်လိုက်ပါ။ တစ်ခုထဲပဲလုပ်ရုံပါပဲ။ 'တပည့်တော်အချင်းချင်း စည်းလုံးညီညွတ်မှု ရှိကြရုံပါပဲ'

နားလည်ပါတယ်။ လက်တွေ့မှာ ဒီဟာဘယ်လောက် ခက်ခဲတယ်ဆိုတာကိုလေ။ အမြဲတမ်းစည်းလုံးညီညွတ်နေကြဖို့ တဦးကိုတစ်ဦး သည်းခံခွင့်လွှတ်ကြဖို့၊ ချစ်ကြဖို့၊ တစ်ဦးကိုတစ်ဦး အကူအညီများပေးကြဖို့ဆိုတာ သိပ်လွယ်လွန်းလှတဲ့အလုပ်မှ မဟုတ်တာ။

ဒါပေမယ့်လည်းလေ- ဘုရားရှင်က ဒါတွေအားလုံးကို ဥပမာကောင်းများ ပြသသည့်အနေဖြင့် သူ့အသက်ရှင်သည်ကာလများမှာ လုပ်ဆောင် နေထိုင် ပြသခဲ့ပြီးပါပြီ။

'စည်းလုံးညီညွတ်ခြင်း'ကို ကျမ်းစာထက်ပိုပြီးဦးစားပေးရမယ်. (ဒါမှမဟုတ်) နှုတ်ကပါတ်တော် အမှန်တရားထက် ပိုပြီးဦးစားပေးရမယ်လို့ ရှေ့နေ ယောင်ယောင် ကျွန်တော်ပြောနေတာ မဟုတ်ပါဘူး။ 'စည်းလုံးညီညွတ်ခြင်းကိုသာ အဓိကဆိုပြီး ကျမ်းစာအုပ်ကို လွှတ်ပစ်တာမျိုး မဖြစ်ရ ပါဘူး။ စည်းလုံးညီညွတ်ခြင်း သာ အဓိကဆိုပြီး နှုတ်ကပါတ်တော်နဲ့ တူသယောင်ယောင် တခြားအတွေးအခေါ် အယူဝါဒတို့ကို လေ့ကျင့်ခိုင်း နေတာမျိုး မဖြစ်ရပါဘူး။ ဒါပေမယ့် 'ခရစ်တော်ဘုရားကို ချစ်ကြတဲ့ လူအချင်းချင်းတွေပဲလေ' ဆိုတဲ့ စိတ်ဓါတ်နဲ့ 'စည်းလုံးညီညွတ်ကြဖို့' လိုမယ်လို့ တင်ပြချင်ပါတယ်။

ဘုရားကို ဦးတည်လိုက်မှ ချစ်လို့ရကြမယ်လေ။ ချစ်ကြမှ ညီညွတ်ကြမှာလေ။ ညီညွတ်မှုရှိမှ စည်းလုံးမှုအင်အား ကြီးထွားလာမှာပေါ့။ ညီညွတ်မှုရှိမှပဲ သာသနာကို အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ကြမှာပေါ့။ ဒါ သော့ချက်ပဲ။

အဲဒီလိုမျိုးဖြစ်လာတာနဲ့ ဘုရားဆီက တန်ခိုးများ၊ ဘိတ်သိက်ပေးမှုများ အသင်းတော်ပေါ်သို့ သွန်းလောင်း ချလာလိမ့်မယ်။ ကမ္ဘာဦးကျမ်းအရ ဗါဗုလုန်ရဲတိုက်ကြီးကို လူသားတွေအားလုံး မိုးထက်မြင့်အောင် ဝိုင်းဝန်း တည်ဆောက်နေချိန်မှာ ဘုရားရှင်မြင်တွေ့တဲ့အချက်က အားလုံးဟာ ဘာသာ စကားတမျိုးတည်းကိုသာ ပြောကြပြီး စည်းလုံးညီညွတ်စွာနဲ့ အလုပ်လုပ်နေကြတာပဲ ဆိုတာလေ။ ဒါကြောင့်လည်း သူတို့ကိုပေးတဲ့ ဘုရားရဲ့မှတ်ချက် ကို သေသေချာချာဖတ်ကြည့်ပါ။ ကမ္ဘာဦး ၁၁း၆ 'သူတို့ဘာကိုပဲ လုပ်ကိုင်ချင် လုပ်ကိုင်ချင် တစ်ဘာသာစကားထဲပြောကြလို့၊ စည်းလုံးညီညွတ်ကြလို့ အောင်မြင်ကြမှာပဲတဲ့'။ ကဲ ရှင်းကော။

ဒီတော့ ယနေ့အသင်းတော်အတွက်ကော၊?
အကယ်၍အသင်းတော်ဟာ စည်းလုံးညီညွတ်နေမယ်ဆိုရင် ကမ္ဘာ့နိုင်ငံရေးနဲ့ လူမှုရေးစနစ်ကြီးတစ်ခုလုံးကို လုံးဝပြောင်းလဲပစ်လိုက်နိုင်တယ် ဆိုတာ မိတ်ဆွေ ယုံနိုင်ရဲ့လား၊

သိပ်သာယာလှပတဲ့ ကမ္ဘာကြီးတစ်ခုကို ကမ္ဘာပေါ်ရှိ အသင်းတော်များအားလုံးရဲ့ စည်းလုံးညီညွတ်ခြင်းဖြင့် ပြောင်းလဲယူလို့ရတယ်ဆိုရင် မိတ်ဆွေကတော့ မဖြစ်နိုင်တာလို့ ထင်ကောင်းထင်မယ်။ စိတ်မကောင်းစရာ ကတော့ ဘယ်သူကမှ ဒီလိုဖြစ်စေဖို့ ကြိုးစားချင်စိတ် သိပ်မရှိကြဘူးလေ။ ပါတီတက်မယ်။ ပျော်မယ်၊ အားရင် စားမယ်၊ သောက်မယ် ၊ ဝါကြွားမယ်၊ လုပ်ကြံပြောဆိုမယ်။ လူဆီက အချစ်မေတ္တာ အကူညီရအောင် လိမ်လည် အသနားခံပြောဆိုကြမယ်။ မနာလိုဝန်တိုမှု အပြည့်ရှိနေကြမယ်။ ရန်ဖြစ်ကြမယ်။ အတင်းပြောကြမယ်။ ဒါတွေပဲ ပြည့်နှက်နေကြတာလေ။
ဘုရားရှင်ကို တကယ်မယုံတဲ့လူတွေ ဒါတွေလုပ်ဆောင်နေတာ၊ ဒီလိုပုံစံမျိုး အသက်ရှင်နေတာကို ကျွန်တော်ပြောတာမဟုတ်ဘူး။ ဘုရားရှင်ကို တကယ်ယုံကြည်ပြီး ဒါတွေလုပ်ပြီး ဒီလိုပုံစံမျိုး အသက်ရှင်နေတဲ့လူတွေကို ပြောင်းလဲကြဖို့ ပြောတာပါ။ အကယ်၍များ ယုံကြည်သူတိုင်း ဟာ ဘုရားရှင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ အုပ်စိုးလမ်းပြမှုကို အသက်တာရဲ့နေရာတိုင်းမှာ ဝန်ခံလိုက်နာမယ်ဆိုရင် – စည်းလုံးညီညွတ်မှု အင်အားကို ရရှိလာကြမယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်ရဲ့ သန့်ရှင်းသောဝိညာဉ်တော် တစ်ပါးတည်းသာလျှင် ညီညွတ်မှုကို ပေးစွမ်းနိုင်လို့ပါပဲ။

စည်းလုံးညီညွတ်မှုရှိပါက

- တကိုယ်ကောင်းဆန်မှု ပပျောက်လျော့နည်းလာမယ်။
- တစ်ဦးကိုတစ်ဦးပိုပြီးလေးစားစွာဆက်ဆံလာမယ်။
- တစ်ဦးကိုတစ်ဦးအလွန့်အလွန်ကို ကူညီလာချင်လိမ့်မယ်။

ဘာကြောင့်လဲသိလား။
ညီအစ်ကိုချင်းချစ်ခြင်းဆိုတာ ဘုရားကိုချစ်ခြင်းပဲလေ။ တခြားလူအတွက်မဟုတ်ဘဲ ခရစ်တော်အတွက်ဆိုတဲ့ စိတ်ဓါတ်တခုကြောင့် အရာ အားလုံးကို လက်ခံ လာနိုင်တာပဲပေါ့။

နောက်ဆုံးတင်ပြချင်တာကတော့
ဘုရားသခင်ရဲ့အလိုတော်ကိုမြေကြီးပေါ်မှာပြည့်စုံစေချင်တယ် ဆိုရင် စည်းလုံးညီညွတ်မှု ရှိကိုရှိမှာ ဖြစ်မယ်ဆိုတာပါပဲ။

ဘုန်းစည်းစိမ်၌စုံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌

ဘာသာပြန်ဆိုသူ

Chris Htet Naing U

(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အား ဂုဏ်ပြုလျက် ရေးသားပါသည်။)
chrishnu@gmail.com သို့ တုန့်ပြန်ချက်များကို ပေးပို့ခြင်းဖြင့် အပြန်အလှန် ဆက်သွယ်ကြရအောင်။